ကာကွယ်ဆေး အချက်အလက် ထုတ်ပြန်ချက်

ရှင်ဂဲလ်စ် ကာကွယ်ဆေး

သင်သိသင့်သည့်အရာများ

ကာကွယ်ဆေး အချက်အလက် ထုတ်ပြန်ချက်များကို စပိန်ဘာသာစကား၊ အခြားဘာသာစကားများနှင့် ရနိုင်ပါသည်။ www.immunize.org/vis ကိုကြည့်ပါ။

Hojas de Información Sobre Vacunas están disponibles en Español y en muchos otros idiomas. Visite www.immunize.org/vis

1 ရှင်ဂဲလ်စ် ရောဂါဆိုတာ ဘာလဲ

ရှင်ဂဲလ်စ်သည် နာကျင်စေပြီး ရံဖန်ရံခါ အရည်ကြည်ဖုများ ရှိသည့် အရေပြားယားနာ တစ်မျိုးဖြစ်သည်။ ဤရောဂါကို (ဇော့်စ်တာ ရေယုန်) Herpes Zoster သို့မဟုတ် (ဇော့်စ်တာ) Zoster ဟုလည်း ခေါ်ပါသည်။

ရှင်ဂဲလ်စ် ယားနာသည် မျက်နှာ တစ်ခြမ်း သို့မဟုတ် ခန္ဓာကိုယ် တစ်ခြမ်းတွင် ပေါ်လေ့ရှိပြီး ၂ ပတ် သို့မဟုတ် ၄ ပတ်ခန့် ကြာပါသည်။ အဓိကရောဂါလက္ခဏာမှာ ဆိုးဝါးစွာ နာကျင်ခြင်းဖြစ်သည်။ အခြားရောဂါလက္ခဏာများမှာ အဖျား၊ ခေါင်းကိုက်ခြင်း၊ ချမ်းခြင်း နှင့် ဗိုက်မကောင်းခြင်းတို့ဖြစ်သည်။ ရှင်ဂဲလ်စ် ယားနာသည်တစ်ခါတစ်ရံ အဆုတ်အအေးမိခြင်း၊ နားမကြားခြင်း၊ မျက်စိကွယ်ခြင်း၊ ဦးနှောက်ရောင်ခြင်း သို့မဟုတ် သေဆုံးခြင်း အထိဖြစ်နိုင်သော်လည်း ဖြစ်ခဲပါသည်။



ရောဂါရှင် ၅ ဦး တွင် ၁ ဦး ခန့်မှာ အဖုများ ပျောက်ကင်းပြီး နောက် အချိန်ကြာအောင် ဆိုးဝါးစွာနာကျင်ခြင်း ဆက်ဖြစ်နေနိုင်ပါသည်။ ဤ သည်ကို **ရေယုန်ပေါက်ပြီးနောက် နာစမ်းကြောနာကျင်မှု** ဟုခေါ်ပါသည်။

ရှင်ဂဲလ်စ် ယားနာသည် ရေကျောက်ရောဂါ ဖြစ်စေသည့် (ဗဲရီစဲလား ဇော့်စ်တာ) Varicella Zoster ဗိုင်းရပ်စ်ရောဂါပိုးကြောင့် ဖြစ်ပွားပါသည်။

ရေကျောက်ရောဂါဖြစ်ဖူးသူများသာ — သို့မဟုတ် တစ်ခါတစ်ရံ ရေကျောက်ရောဂါကာကွယ်ဆေး ထိုးထားသူများ — ရှင်ဂဲလ်စ် ယားနာ ဖြစ်နိုင်ပါသည်။ ဗိုင်းရပ်စ်ရောဂါပိုးသည် သင့်ခန္ဓာကိုယ်ထဲတွင် နေနေပြီး နှစ်ပေါင်းများစွာကြာပြီးမှ ရှင်ဂဲလ်စ်ယားနာ ဖြစ်စေနိုင်ပါသည်။

ရှင်ဂဲလ်စ် ယားနာကို အခြား ရှင်ဂဲလ်စ် ယားနာ ရှိသူမှ မကူးနိုင်ပါ။ သို့သော် ရေကျောက်ရောဂါတစ်ခါမှ မဖြစ်ဖူးသူ (သို့မဟုတ် ရေကျောက်ရောဂါကာကွယ်ဆေး မထိုးထားသူ) က ရှင်ဂဲလ်စ် ယားနာ ရှိသူထံ**မှ ရေကျောက်ရောဂါ** ရနိုင်ပါသည်။ ဤသည်မှာဖြစ်ခဲပါသည်။

ရှင်ဂဲလ်စ် ယားနာသည် လူငယ်များထက် အသက် ၅၀ နှင့်အထက် လူကြီးများတွင် ပိုအဖြစ်များပါသည်။ ရှင်ဂဲလ်စ် ယားနာသည် ကိုယ်ခံအားကျနေသည့် ကင်ဆာကဲ့သို့ ရောဂါရှိသူများ သို့မဟုတ် စတီးရွိုက်ဆေးများ သို့မဟုတ် ဓာတုဆေးများဖြင့် ကုသမှုယူနေသူများတွင် ပိုအဖြစ်များပါသည်။

အမေရိကန်နိုင်ငံတွင်အနည်းဆုံး တစ်နှစ်တွင်လူတစ်သန်းခန့် ရှင်ဂဲလ်စ် ယားနာ ဖြစ်ပွားပါသည်။

2 ရှင်ဂဲလ်စ် ကာကွယ်ဆေး

ရှင်ဂဲလ်စ် ယားနာ အတွက်ကာကွယ်ဆေးကို ၂၀၀၆ တွင် လိုင်စင် ထုတ်ပေးခဲ့ပါသည်။ ကာကွယ်ဆေးက ကုသမှုဆိုင်ရာ စမ်းသပ်မှုများတွင် ရှင်ဂဲလ်စ် ယားနာ ဖြစ်ပွားနိုင်မှု အန္တရာယ်ကို ၅၀ ရာခိုင်နှုန်း ကျဆင်းစေပါသည်။ ကာကွယ်ဆေးက ဆေးထိုးပြီး နောက် ရှင်ဂဲလ်စ် ယားနာ ဖြစ်ပွားသူ များတွင် နာကျင်မှုကို သက်သာစေပါသည်။

အသက် ၆၀ နှင့်အထက် လူကြီးများ ကာကွယ်ဆေး တစ်ကြိမ်ထိုးရန် အကြံပြုထားပါသည်။

3 အချို့သူများအနေဖြင့် ရှင်ဂဲလ်စ် ကာကွယ်ဆေး မထိုးသင့်ပါ။ သို့မဟုတ် စောင့်သင့်ပါသည်။

ကာကွယ်ဆေး မထိုးသင့်သူမှာ။ ။

- (ကျယ်လတင်) gelatin, (နီအိုမိုင်စင်) neomycin သို့မဟုတ် ရှင်ဂဲလ်စ် ယားနာ ကာကွယ်ဆေးတွင် ပါဝင်သည့် အစိတ်အပိုင်း တစ်ခုခုနှင့် ဆိုးဆိုးဝါးဝါး မတဲ့မှု ဖြစ်ဖူးလျှင် သင့်တွင်ဆိုးဝါးသော မတဲ့သည်ဆေး၊ အစာများရှိပါက ဆရာဝန်ကို ပြောပြပါ။
- လောလောဆယ် အောက်ပါ အကြောင်းရင်းများကြောင့် ကိုယ်ခံအားကျနေလျှင်။ ။
  - AIDS သို့မဟုတ် ကိုယ်ခံအားကို ထိခိုက်စေသည့် အခြားရောဂါ၊
  - ကိုယ်ခံအားကိုထိခိုက်စေသည့် စတီးရွိုက်ဆေးများ အလွန်အကျွံ သို့မဟုတ် ကြာရှည်သုံးပြီး ကုသမှု၊
  - ဓါတ်ရောင်ခြည် သို့မဟုတ် ဓာတုဆေးများဖြင့် ကင်ဆာကုသမှု
  - ဥပမာ သွေးဖြူဥကင်ဆာ သို့မဟုတ် ပြန်ရည်ကြော ကင်ဆာကဲ့သို့ ရိုးတွင်းခြင်ဆီ သို့မဟုတ် ပြန်ရည်ကြောစနစ်ကို ထိခိုက်သည့် ကင်ဆာရောဂါ။
- ကိုယ်ဝန်ရှိနေလျှင် သို့မဟုတ် ကိုယ်ဝန်ရှိနိုင်လျှင်။ အမျိုးသမီးများအနေဖြင့် ရှင်ဂဲလ်စ် ယားနာ ကာကွယ်ဆေးထိုးပြီး အနည်းဆုံး ၄ ပတ်ကြာထိ ကိုယ်ဝန်မဆောင်သင့်ပါ။

ဥပမာ အအေးမိခြင်းကဲ့သို့ အနည်းငယ် ရုတ်တရက် နေမကောင်းသူများကို ကာကွယ်ဆေး ထိုးနိုင်ပါသည်။ သို့သော် အတော်အသင့် သို့မဟုတ် ပြင်းပြင်းထန်ထန် နေမကောင်း သူများ အနေဖြင့် နေပြန်ကောင်းသည်အထိ စောင့်ပြီးမှ ကာကွယ်ဆေး ထိုးသင့်ပါသည်။ မည်သူမဆို အပူချိန် 101.3° F နှင့် အထက်ရှိသူများလည်း ပါပါသည်။

U.S. Department of Health and Human Services
Centers for Disease Control and Prevention

4 ရှင်ဂဲလ်စ် ကာကွယ်ဆေး၏ ဆိုးရွားသော အကျိုးဆက်များက ဘာပါလဲ။

ကာကွယ်ဆေး တစ်ခုအနေဖြင့် အခြားဆေးများကဲ့သို့ပင် ဆိုးဝါးသည့် ဓာတ်မတည့်သော တုံ့ပြန်မှုများကဲ့သို့ ကြီးလေးသော ပြဿနာများ ဖြစ်စေနိုင်ပါသည်။ သို့သော် ကာကွယ်ဆေးကြောင့် ဆိုးဝါးစွာထိခိုက်ခြင်း သို့မဟုတ် သေဆုံးခြင်း ထိဖြစ်နိုင်ခြေ အလွန်နည်းပါသည်။

ရှင်ဂဲလ်စ် ယားနာ ကာကွယ်ဆေးက ဆိုးရွားသော အကျိုးဆက်များ ဖြစ်စေနိုင်ကြောင်း မတွေ့သေးပါ။

အတော်အသင့် ပြဿနာများ

- ဆေးထိုးသည့်နေရာတွင် နီကျင်ခြင်း၊ နာကျင်ခြင်း၊ ရောင်ခြင်း၊ သို့မဟုတ် ယားခြင်း (လူ ၃ ဦး တွင် ၁ ဦး ခန့်)။
- ခေါင်းကိုက်ခြင်း (လူ ၇၀ ဦး တွင် ၁ ဦး ခန့်)

အခြားကာကွယ်ဆေးများကဲ့သို့ပင် ရှင်ဂဲလ်စ် ယားနာ ကာကွယ်ဆေးကို ပုံမှန်မဟုတ်သည့် သို့မဟုတ် ဆိုးရွားသော ပြဿနာများအတွက် အနီးကပ် စောင့်ကြည့်နေပါသည်။

5 ဆေးနှင့် ဆိုးရွားသော တုန့်ပြန်မှုများဖြစ်လျှင် ဘာလုပ်ရမလဲ။

ဘာကို သတိပြုကြည့်သင့်ပါသလဲ။

- ဆိုးရွားသောတုန့်ပြန်မှုများ၊ အဖျားကြီးခြင်း၊ သို့မဟုတ် အမူအကျင့်ပြောင်းခြင်းကဲ့သို့ သင်စိုးရိမ်သည့် အရာများကို သတိပြု စောင့်ကြည့်ပါ။

  ဆိုးရွားသောတုန့်ပြန်မှု လက္ခဏာများမှာ အင်ပျဉ်ထခြင်း၊ မျက်နှာ နှင့် လည်ချောင်း ရောင်ခြင်း၊ အသက်ရှူ ခက်ခဲခြင်း၊ နလုံးခုန်မြန်ခြင်း၊ ခေါင်းမူးခြင်းနှင့် အားယုတ်ခြင်းတို့ ဖြစ်သည်။ ထိုအရာများမှာ ကာကွယ်ဆေးထိုးပြီး မိနစ်အနည်းငယ်မှ နာရီအနည်းငယ်အတွင်း ဖြစ်နိုင်ပါသည်။

ဘာလုပ်သင့်ပါသလဲ။

- သင့်အနေဖြင့် ဆိုးရွားသောတုန့်ပြန်မှုများ သို့မဟုတ် မစောင့်နိုင်သော အခြားအရေးပေါ်အခြေအနေများဟု ထင်ပါက ၉-၁-၁ ကို ခေါ်ပါ သို့မဟုတ် အနီးဆုံးဆေးရုံသို့ ထိုသူကို ခေါ်သွားပါ။ သို့မဟုတ် သင့်ဆရာဝန်ကို ဖုန်းဆက်ပါ။
- ပြီးလျှင် တုန့်ပြန်မှုကို (ကာကွယ်ဆေးကြောင့် ဆိုးကျိုးပေါ်ပေါက်မှု အစီရင်ခံသည့် စနစ်) Vaccine Adverse Event Reporting System (VAERS) ကိုတင်ပြပါ။ သင့်ဆရာဝန်က တင်ပြနိုင်ပါသည်။ သို့မဟုတ် သင်က VAERS ၏ ဝက်ဆိုက် **www.vaers.hhs.gov** သို့မဟုတ် ဖုန်း **1-800-822-7967** ကို ဆက်ပြီး ကိုယ်တိုင် တင်ပြနိုင်ပါသည်။

VAERS က ဆေးတုံ့ပြန်မှုများကို အစီရင်ခံရန်အတွက်သာ ဖြစ်ပါသည်။ ဆေးဘက်ဆိုင်ရာ အကြံမပေးပါ။

6 နောက်ထပ်အချက်အလက်တွေ ဘယ်လို ထပ်ယူနိုင်မလဲ။

- သင့်ဆရာဝန်ကို မေးပါ။ 1-888-767-4687
- သင့်ဒေသခံ သို့မဟုတ် ပြည်နယ် ကျန်းမာရေးဌာနကို ဆက်သွယ်ပါ။
- ရောဂါကာကွယ်ရေးနှင့် ထိန်းသိမ်းရေး ဗဟိုဌာန (CDC) ။ ။
  - ဖုန်း **1-800-232-4636 (1-800-CDC-INFO)** သို့မဟုတ်
  - CDC ၏ ဝက်ဆိုက် **www.cdc.gov/vaccines** သို့သွားပါ။

ကာကွယ်ဆေးထိုးထားတဲ့အခြေအနေ၊ ကာကွယ်ဆေး စိစစ်ချက်နဲ့ နောင်မှာ ကာကွယ်ဆေးထိုးသင့်တဲ့အချိန်တို့ကို ဆရာဝန်(တွေ)က တိတိကျကျရနိုင်အောင် (Michigan Care Improvement Registry) မစ်ရှီဂင် ကုသမှု တိုးတက်ကောင်းမွန်ရေး စာရင်းကို အချက်အလက်တွေ ပို့လိုက်ပါမယ်။ ကာကွယ်ဆေးဆိုင်ရာ အချက်အလက်တွေကို ဒီစာရင်းကို ပို့မပေးဖို့ ဆရာဝန်တွေကို တောင်းဆိုပိုင်ခွင့် လူပုဂ္ဂိုလ်တွေမှာ ရှိပါတယ်။

DCH-1340BU
AUTH: P.H.S., Act 42, Sect. 2126.

Vaccine Information Statement
Shingles Vaccine

10/6/2009 Burmese

Office Use Only

Translation provided by the Immunization Action Coalition